**(၃) ခါးရိုးရောဂါ (Damping off)**

**ရောဂါဖြစ်စေသက်ရှိ- *Rhizoctonia solani J.G. Kühn, 1858)***

**ရောဂါလက္ခဏာ**

မြေပြင်နှင့် ကပ်လျှက်ရှိသည့် ပင်စည်ပိုင်းသည် ရေစိုနာ ဖြစ်လာပြီး ပျော့လာကာ အပင်ယိုင်လဲ သေဆုံးသည်။ မျိုးစေ့ အပင်မပေါက်မီနှင့် အပင်ပေါက်ပြီး ပျိုးပင်ပေါက် ဘဝတွင် သေဆုံးကြသည်။ အမြစ်များလည်း ရောဂါဖြစ်ပြီး အပင် သေသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကို သုံးပါ။
- ရောဂါ ကင်းသော ပျိုးပင်ကို သုံးပါ။
- မျိုးစေ့အား မျိုးစေ့လူးနယ်မှိုသတ်ဆေးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ခရမ်းချဉ် ခါးရိုးရောဂါကို ကာကွယ်ရန် Trichoderma မှိုကို မြေခံအဖြစ် အသုံးပြု နိုင်သည်။ စိုက်ပြီး ခါးရိုးရောဂါ ကျရောက်ပါက ပျိုးပင် သက်တမ်း ၂၀-၃၀ ရက်သားတွင် တစ်ကြိမ် Trichoderma မှိုကို ရေဖျော်၍ ဖျန်းပေးရပါမည်။

ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကိုပက်ဖျန်းအသုံးပြုပါ။

Thiophanate–methyl)( သိုင်အိုဖါနိတ်မီသိုင်း), Tebuconazole (တက်ဗျူကိုနာဇိုး), Propiconazole (ပရိုပီကိုနာဇိုး), Validamycin (ဗယ်လီဒါမိုင်စင်)